**ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

**ပဉ္စမနေ့အစီအစဉ်**

**[၂၄-၁၀-၂၀၁၂] (ဗုဒ္ဓဟူးနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမောင်တိုး၊ မင်းလှ မဲဆန္ဒနယ်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ယာယီ စာရင်းများအရ မြန်မာနိုင်ငံကြွေးမြီ (Public Debt)၊ လည်ပတ်နေသော ငွေကြေး (Currency in Circulation)၊ အလုပ်လက်မဲ့အခြေအနေ၊ နိုင်ငံခြားအရန်ငွေနှင့်ရွှေ (Foreign Exchange and Gold Reserve) တန်ဖိုးမည်မျှ ရှိသနည်း နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးရှိသီး၊ လေရှီး မဲဆန္ဒနယ်၏ နယ်စပ်ဒေသတိုင်းရင်းသား ရင်သွေးငယ်များ မူလတန်းပညာ အခမဲ့သင်ကြားမှု အခွင့်အလမ်း ပိုမို တိုးတက်လာစေရေး နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ မြို့သစ်မြို့နယ်ခွဲ ယာနီး ကျေးရွာရှိ ယူးချောင်း ချောင်းကူးတံတား အား ဆောက်လုပ် ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ မန္တလေး-တကောင်း-ကသာ-ဗန်းမော် လမ်းမကြီးနှင့် ပတ်သက်၍ ကတ္တရာခင်းခြင်း အစီအစဉ် နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးအောင်ဇော်ဝင်း၊ မောင်တော မဲဆန္ဒနယ် ကိုယ်စား ဦးရွှေမောင်၊ ဘူးသီးတောင် မဲဆန္ဒနယ်၏မောင်တောမြို့အဝင် တံတား မိုင်တိုင်အမှတ် (၁/၁၅) ကို (၃)နှစ်ခန့်အချိန်ကြာမြင့်စွာ

တည်ဆောက်နေပါသောကြောင့် ဒေသခံပြည်သူများ၏ ကူးသန်း ရောင်းဝယ်ရေးနှင့်ကုန်စည် စီးဆင်းမှုများစွာ ကျဆင်းစေခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၈။ အလုပ်သမားဝန်ကြီးဌာနက တင်သွင်းသော "၂၀၁၂ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်း ထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။